## ကျွန်ုပ်၏မွေးကင်းစကလေးမှာနားကြားမှုချို့ယွင်းတာမရှိရင်ကော?

စစ်ဆေးမှုများက သင့်ကလေးမှာနားကြားမှုချို့တဲ့မှုမရှိကြောင်းပြခဲ့ လျှင်၊ သင့်ကလေးနားကြားမှုကိုသင်သတိထားပြီးစောင့်ကြည့်ရန် အရေးကြီးပါသေးသည်။

မွေးခါစအရွယ်မှ ကြီးလာသည့်အခါ၊ အချို့ကလေးများတွင် နားကြားမှုချို့တဲ့လာသည့်အကြောင်းအချက်များရှိကြသည်။ သင်၏ နားကြားမှုစစ်ဆေးသူက သင့်ကလေးတွင်ယင်းသို့ဖြစ်နိုင်သည့် အန္တရာယ်ရှိလျှင်၊ သင့်ကလေးတစ်နှစ်မပြည့်မီ၊ နောက်တစ်ခါ နားကြားမှုစစ်ဆေးရန် စီစဉ်ပေးပါမည်။

နားကြားမှုချို့ယွင်းလာစေသည့်အန္တရာယ်ရှိသောမွေးကင်းစကလေးအရေအတွက်မှာနည်းပါးလှသော်လည်း၊ သူတို့ကအကြံပြုလာ လျှင်၊ နောက်ထပ်နားကြားမှုစစ်ဆေးခြင်းများကိုလုပ်ပေးရန် အရေးကြီးပါသေး သည်။

> နားကြားမှုချို့ယွင်းနေခြင်းကိုစောစီးစွာတွေ့ရှိခြင်းဖြင့်၊သင့်မွေးကင်း စကလေး၏ စကားနှင့်ဘာသာစကားဖွံ့ဖြိုးရေးနှင့် နောက်ပိုင်းသင် ကြားရေးတို့အတွက် အကောင်းဆုံးအခွင့်အလန်းဖြစ်စေပါသည်။

## ကွင်းစလန်နားကြားမှုချို့တဲ့သည့်မိသားစုများထောက်ပံ့ရေးဝန်ဆောင်မှုဌာန (**QHLFSS**)

ကွင်းစလန်နားကြားမှုချို့တဲ့သည့်မိသားစုများထောက်ပံ့ရေးဝန်ဆောင်မှုဌာန (QHLFSS) က မွေးကင်းစကလေးတွင် ရာသက်ပန်နားကြားမှုချို့ယွင်းနေကြောင်းတွေ့ရှိသည့်မိသားစုများအားထောက် ကူပေးပါသည်။ သင့်ကလေးငယ်တွင် ရာသက်ပန်နားကြားမှုချို့တဲ့ နေကြောင်းတွေ့ရှိပါက၊ မိသားစုထောက်ပံ့ရေးစီစဉ်သူက သင့်ကို ဆက်သွယ်လာပြီး၊ သင်နှင့် သင့်မိသားစုတို့အတွက် အလုပ်လုပ်ရန် အချိန်ကြာကြာပေးလာပါမည်။

ယင်းဝန်ဆောင်မှုကိုမိသားစုများအားလုံးအတွက် အခမဲ့ရပါသည်။ QHLFSS ထံမှမကြားသေးလျှင်၊ သူတို့ကို ၁၈၀၀ ၃၅၂ ၀၇၅ တွင် ဆက်သွယ်နိုင်ပါသည်။

> ကလေးတစ်ယောက်၏ နားကြားမှုကိုမည်သည့်အသက်မဆို စစ်ဆေးနိုင်ကြောင်းသတိရပါ။ သင့်ကလေးငယ်လေး၏နားကြားမှုကို စိတ်ပူလာလျှင်၊ သင့်ဆရာဝန်အား နားကြားမှုစစ်ဆေးသူထံ၌ ကလေး၏နားကြားမှုကို စစ်ဆေးရန်အတွက် ညွှန်းပေးဖို့ပြောဆိုပါ။

### နားကြားမှုစစ်ဆေးရန်ရက်ချိန်း

ရက်စွဲ နှင့် အချိန် - ..............................................................................

နားကြားမှုစစ်ဆေးသောဌာန - ..............................................................

..........................................................................................................

လိပ်စာ - ........................................................................................

တယ်လီဖုန်းနံပါတ် - ...............................................................

> နားကြားမှုစစ်ဆေးရန်ရက်ချိန်းကို သင့်မွေးကင်းစကလေး၏ ဒုတိယစိစစ်မှုအပြီး တစ်ပတ်အတွင်းမရခဲ့လျှင် သင်သွားမည့်နားကြားမှုစစ်ဆေးသောဝန်ဆောင်မှုကိုဆက်သွယ်ပါ၊ သို့မဟုတ် QHLFSS ကို 1800 352 075 တွင်ဆက်ပါ။

## ရက်ချိန်းကို ကျွန်ုပ်တို့မလာနိုင်ရင်ဘာလုပ်ရမလဲ?

အကယ်၍ သင်၏ရက်ချိန်းကိုမလာနိုင်လျှင် ရက်ချိန်းမရောက်မီ၊ စောနိုင်သမျှစောလျင်စွာ၊ သင့်နားကြားမှုစစ်ဆေးသူအား အသိပေး၍ဖျက်သိမ်းပြီး၊ နောက်ရက်ချိန်းကိုစီစဉ်ရန်ပြောပါ။

မွေးကင်းစကလေးငယ်များကို သူတို့အလွန်ငယ်စဉ် (ပုံပြီးအိပ်နေတတ်၍) စစ်ဆေးခြင်းက အကောင်းဆုံးဖြစ်ပါသည်။ ရက်ချိန်းကို နောက်သို့ရွှေ့ဆိုင်းခြင်းကို ဖြစ်နိုင်လျှင် ရှောင်သင့်သည်။

## ရက်ချိန်းကဘယ်လောက်ကုန်ကျမလဲ?

သင့်ဝန်းကျင်ရှိ နားကြားမှုစစ်ဆေးသည့်နေရာများအကြောင်းကို သင်၏ နားကြားမှုစိစစ်သူက အသေးစိတ်ပေးပါလိမ့်မည်။

မယ်ဒီကဲခံစားခွင့်ရှိသည့်ကလေးငယ်များကို အစိုးရနားကြားမှုစစ်ဆေးသည့်ဌာနများက အခမဲ့လုပ်ပေးပါမည်။ ယင်းကို အစိုးရ သို့မဟုတ် ပုဂ္ဂလိက- မည်သည့်ဆေးရုံတွင်မွေးသည်မဆို၊ မွေးကင်း စကလေးများအားလုံးအတွက် ရရှိနိုင်ပါသည်။

သင်ကပုဂ္ဂလိကနားကြားမှုစစ်ဆေးသူထံသွားရန်ရွေးချယ်လျှင်၊ စစ်ဆေးမှုအတွက်ကုန်ကျစရိတ်များရှိကြောင်းသိရန်လိုအပ်ပြီး၊ ထိုဌာနနှင့်ဆက်သွယ်ဆွေးနွေးရန်လိုပါသည်။

# Your Baby’s Audiology Hearing Test

## သင့်မွေးကင်းစကလေး၏နားကြားမှုစစ်ဆေးခြင်း




နောက်ထပ်စစ်ဆေးမှုများလုပ်ရန်၊ သင်မွေးကင်းစကလေးကို နားကြားမှုစစ်ဆေးသူထံ ညွှန်းထားပြီးပြီ။

ဤစာတမ်းက သင့်မွေးကင်းစကလေးကို ဘာကြောင့်ညွှန်းလိုက်သလဲနှင့် ဘာတွေဖြစ်မလဲကိုရှင်းပြပါသည်။

Queensland Government

Language: Burmese

Reviewed 2018

## ကျွန်ုပ်၏မွေးကင်းစကလေးကို ဘာလို့နားကြားမှုစစ်ဆေးသူတစ်ဦးထံ ညွှန်းသလဲ?

သူတို့က နားကြားမှုစိစစ်ခြင်းနှစ်ခါလုပ်ရာတွင် သင့်ကလေးမှာ “ညွှန်းရန်” အဖြေရခဲ့သည်။ ဆိုလိုသည်မှာ စိစစ်ခြင်းက၊ နားကြားမှုချို့ယွင်းမှုမရှိဟု သေချာပေါက်မပြောနိုင်ပဲ၊ သင့်ကလေးအနေဖြင့် နားကြားမှုစစ်ဆေးသူတစ်ဦးနှင့်ထပ်မံစစ်ဆေးရန်လိုအပ်နေသည်။ နားကြားမှုစိစစ်ရာ၌ “ညွှန်းရန်” ဟူသောအဖြေရသည့် အကြောင်းရင်းအချက်များရှိနိုင်ပါသည်။

သင့်မွေးကင်းစကလေး၌ -

- ရာသက်ပန်နားကြားမှုချို့ယွင်းခြင်း
- ယာယီနားကြားမှုချို့ယွင်းခြင်း - မွေးပြီးနောက် နားထဲ၌အရည် သို့မဟုတ် ယာယီပိတ်ဆို့မှုရှိနေခြင်းတို့ကြောင့် နားကြားမှုစိစစ် ချိန်၌ သူတို့၏နားကြားမှုကိုထိခိုက်နေခြင်း
- နားကြားမှုစိစစ်နေသည့်နှစ်ခါစလုံး မငြိမ်မသက်ဖြစ်နေခြင်း
- စိစစ်နေချိန်၌ နောက်ဖက်ဝန်းကျင်တွင်ဆူညံနေခြင်း တို့ဖြစ်နိုင်ပါသည်။

## နားကြားမှုစစ်ဆေးသူဆိုတာဘာလဲ၊

နားကြားမှုစစ်ဆေးသူဆိုသည်မှာ သူ၏ကျွမ်းကျင်မှုနှင့် ပစ္စည်းကိရိယာကိုသုံးပြီး အသေးစိတ်နားကြားမှုကိုစစ်ဆေးခြင်း (နားကြားချေဖေါ်သောစစ်ဆေးမှုများ) အထူးပညာရှင်ဖြစ်ပါသည်။

## နားကြားချေဖေါ်သောစစ်ဆေးမှုများဆိုတာဘာလဲ?

နားကြားချေဖေါ်သောစစ်ဆေးမှုများဆိုသည်မှာ မွေးကင်းစကလေး ၌ ပုံမှန်နားကြားခြင်းသို့မဟုတ် နားကြားမှုချို့ယွင်းနေခြင်းတို့ကို ပြ ရန်ဖြစ်သည်။ ကလေးငယ်လေး၌ နားကြားမှုချို့ယွင်းနေလျှင်၊ နား ကြားမှုဖေါ်သောစစ်ဆေးမှုက အောက်ပါတို့ကိုပြပါမည်။

- ယင်းက ယာယီသို့မဟုတ် ရာသက်ပန်ဖြစ်နေသလား
- နားကြားမှုချို့တဲ့သည့်အဆင့် သို့မဟုတ် ရာနှုန်း (အနည်းငယ် မှ လုံးဝမကြားမှု)
- နားမကြားသည်မှာ တဖက်သို့မဟုတ် နှစ်ဖက်လုံး။

သင့်မွေးကင်းစကလေး၏ နားကြားမှုနှင့်ပါတ်သက်သည့်အချက် အားလုံးရရှိရန်များသောအားဖြင့် ရက်ချိန်းတစ်ခါထက်ပိုသွားရပါ သည်။

## စစ်ဆေးနေချိန်တွင် ဘာဖြစ်မလဲ?

သင်၏နားကြားမှုစစ်ဆေးသူက ကွဲပြားသောစစ်ဆေးမှုများလုပ်ပါမည်။ စစ်ဆေးမှုတစ်ခုစီက ကလေး၏နားကြားမှုစနစ်တွင် ကွဲပြားသည့်နေရာများကိုစစ်ပါသည်။ ရက်ချိန်းလာချိန်အတွင်း စစ်ဆေး သူက တစ်ခုခြင်းကိုရှင်းပြပါမည်။

## ဘယ်တော့ကျွန်ုပ်၏ကလေးငယ်ကို စစ်ဖို့လိုမလဲ?

နားနှစ်ဖက်လုံးအတွက် “ညွှန်းရန်” အဖြေရထားသောကလေးငယ် များသည်၊ ဒုတိယစိစစ်မှုမှ ၂ပတ်အတွင်းစစ်ဆေးမှုလုပ်သင့်သည်။ နားတစ်ဖက်အတွက် “ညွှန်းရန်” အဖြေရထားလျှင်၊ ဒုတိယစိစစ်မှု မှ ၆ပတ်အတွင်း စစ်ဆေးသင့်သည်။

## စစ်ဆေးတာဘယ်လောက်ကြာမလဲ?

ကလေးငယ်လေးတစ်ယောက်စီအတွက် မတူကြသော်လည်း၊ ရက်ချိန်းတစ်ခုစီက ၃နာရီအထိကြာတတ်သည်။ ကလေးငယ်အများစုအတွက် ဤမျှအချိန်မလိုသော်လည်း၊ အနည်းဆုံးနေ့တစ်ဝက်ခန့် လိုလိုမယ်မယ်အချိန်ပေးထားလျှင် အကောင်းဆုံးဖြစ်ပါသည်။

## စစ်ဆေးတာတွေအတွက် ကျွန်ုပ်ကလေးကိုဘယ်လိုပြင်ဆင်ရမလဲ?

သင့်ကလေးငယ်ကိုစစ်ဆေးဖို့အတွက် မည်သို့ပြင်ဆင်ရမည်ကို နားကြားမှုစစ်ဆေးသူက သင့်ကိုဖုန်းခေါ်လာပါမည်။

သင့်ကလေးကို ပြင်ဆင်ထားခြင်းက စစ်ဆေးသည့်လုပ်ကိုင်မှုကိုအထောက်အကူပြုပါသည်။ ရက်ချိန်းကိုရောက်ချိန်တွင် ကလေးကမောပြီး အိပ်ခြင် နေသော်လည်း နိုးနေသေးသည့်ပုံရှိရပါမည်။

အကြောင်းမှာ စစ်ဆေးမှုအများဆုံးကို၊ လုပ်နေလျှင် စစ်ဆေးမှုအပေါ်အနှောက်အယှက်ဖြစ်စေသည့်အတွက်၊သင့်ကလေးအိပ်ပျော်နေချိန်၌လုပ်သည်။




စစ်ဆေးမှုတွေက သင့်ကလေးငယ်ကို မည်သို့မှနာကျင် သို့မဟုတ် အန္တရာယ်ပြုခြင်းမရှိပါ။

သင့်အနေနှင့်ပြင်ဆင်ထားရန် အချက်အလက်သို့မဟုတ် ဘာလုပ်ရ မည်တို့ကို မရရှိသေးလျှင် သို့မဟုတ် သေချာစွာမသိလျှင်၊ ရက်ချိန်းမတိုင်မီရက်မှာ နားကြားမှု စစ်ဆေးသူကို ဆက်သွယ်ရန် အရေးကြီးပါသည်။

## အဖြေတွေကို ဘယ်တော့ကျွန်ုပ်သိရမလဲ?

သင်၏နားကြားမှုစစ်ဆေးသူက ရက်ချိန်းတိုင်းတွင် နားကြားမှုစစ်ဆေးသည့်အဖြေများကို သင်နှင့်ဆွေးနွေးပါမည်။

## ကျွန်ုပ်၏ကလေးငယ်ရဲ့ နားကြားချေဖေါ်သောစစ်ဆေးမှုများအရ မည်သည့်အဖြေများရနိုင်သလဲ?




## ကျွန်ုပ်၏မွေးကင်းစကလေးမှာ နားကြားမှုချို့တဲ့နေရင်?

သင့်ကလေးငယ်မှာယာယီနားကြားမှုချို့တဲ့နေလျှင်၊ သင်၏နားကြားမှုစစ်ဆေးသူက၊ ကလေး၏နားကြားမှုကို စောင့်ကြည့်သုံးသပ်ရန် ထပ်တွေ့ပါဦးမည်။ ယာယီနားကြားမှုချို့တဲ့နေခြင်းမှ တိုးတက်မှုမရှိ လာလျှင်၊ နားကြားမှုစစ်ဆေးသူက၊ သင့်ကလေးကို နား၊ နှာခေါင်း နှင့်လည်ချောင်း (ENT) အထူးကုထံသို့ သွားပြရန်အကြံပြုပါမည်။

သင့်မွေးကင်းစကလေး၌ ရာသက်ပန်နားကြားမှုချို့တဲ့နေလျှင်၊ သင် ၏ နားကြားမှုစစ်ဆေးသူက သင့်ကလေးကို အောက်ပါရှိအချို့ သို့မ ဟုတ် အားလုံးသောဌာနများသို့ ညွှန်းပေးပါမည် -

- ကလေးဘဝနားကြားမှုဆေးခန်း
- နား၊ နှာခေါင်းနှင့်လည်ချောင်း အထူးကုဆရာဝန်
- ကလေးအထူးကုဆရာဝန်
- ဩစတြေးလျမ်း နားကြားမှုဌာန-(နားကြားကိရိယာတပ်ဆင်ရန်)
- ကွင်းစလန်နားကြားမှုချို့တဲ့သည့်မိသားစုများထောက်ပံ့ရေးဝန်ဆောင်မှုဌာန (QHLFSS)
- အခြားအထူးဝန်ဆောင်မှုများ - လိုအပ်သည့်အတိုင်း



Reviewed 2018